# သတင်းကောင်းစာစောင်

## မာတိကာ

| | |
|---|---|
| ၁။ခန္ဓာထင်ရှား-အမြတ်တရား | **Paul Winbert (G.B.C Yangon -1)** |
| ၂။ သင်သာ ကယ်တင်ခြင်းသို့မရောက်လျှင် | ပီတာဖဲလား (တွံတေး) |
| ၃။မေးခွန်း | ဆူးထက်နှင်း(ရန်ကုန်-၁) |
| ၄။ပွဲကိုင်ရှင် (ကဗျာ) | **Daniel ( P.O.L)** |

# ‘‘ ခန္ဓာထင်ရှား–အမြစ်တရား ’’

**Paul Winbert (G.B.C Yangon -1)**

*‘‘လူပျို၏ဘုန်းကား အစွမ်းသတ္တိ၊ လူအို၏အသရေကား ဖြူသောဆံပင်ဖြစ်၏။ ..သုတ္တံ၊ ၂၀း၂၉။’’*

လောကတခွင်၌ ပညာရှိတကာတို့တွင် ပညာအရှိဆုံးဖြစ်သော သုတ္တံဆရာရှောလမုန်မင်းကြီးသည် “ လူအို၏ ဂုဏ်အသရေကား ဖြူသောဆံပင်ဖြစ်၏” ဖော်ညွှန်းလိုက်သော စကားကိုကြားသိသမျှ လူတို့တွင်ထိုကဲ့သို့ ဂုဏ်အသရေရှိပါသည်ဟုဝမ်းမြောက်စွာ ခံယူသူရှိသကဲ့သို့ ထိုကဲ့သို့မခံ ယူနိုင်ဘဲ ဖြူသောဆံပင်ကို မဲနက်အောင်ဆေး ဆိုးသောသူ၊ ဖြူသောဆံပင်ကို နှုတ်ပစ်သောသူ များစွာရှိနေကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

> **‘‘ဆံပင်ဖြူခြင်းသည် စိတ်နှလုံး ဖြူစင်ခြင်းအဘယ် သို့ရှိ သည်ကို ပြင်ဆင်ရန် သတိ ပေးခြင်းဖြစ်သည်။ ”**



ဤတွင် ထိုသို့ပြုသောသူများကို ဝေဖန်ရှုတ်ချတိုက်ခိုက်လို၍မဟုတ်ဘဲ၊ ပြုမြဲရှိသူများ ပြုကြပါ၊ အားပေးပါသည်။ သို့သော် ကိုယ်ခန္ဓာနှင့်ကိုယ်အင်္ဂါတို့ပေးသော ဆင်ခြင်စရာ၊သတိပြုစရာ တရားကောင်း၊ တရားမြတ်များ မိမိတို့၌ စွဲကပ်ပါလာလျှက်ရှိသည်ကို

အမှတ်တ မဲ့မနေကြရန် သတိပေးတိုက် တွန်းလိုသည်။



ထိုသို့ဆင်ခြင်ရန် တရားများစွာတို့၌ ဆံပင်ဖြူခြင်းသည် လူအိုတို့၏ဂုဏ်အသရေနှင့်ယှဉ်၍၊ ဆံပင်ဖြူရ ခြင်းအကြောင်းရင်းမှအစ အခြားသောခန္ဓာကိုယ်အစိတ်အပိုင်းအချို့တို့၏ ပေးသောတရားများကို ဆင်ခြင်နိုင်ရန်အောက်ပါအတိုင်း ဖေါ်ပြပေအံ့။

*ဆံပင်ဖြူခြင်း*

ဆံပင်ဖြူခြင်းသည် စိတ်နှလုံး ဖြူစင်ခြင်းအဘယ်သို့ရှိသည်ကို ပြင်ဆင်ရန် သတိပေးခြင်းဖြစ်သည်။စိတ်နှလုံးဖြူစင်ခြင်း၊ဆင်ခြင်ပြုပြင်ပြီးသောသူတို့တွင် ဤသို့ဆံပင်ဖြူခြင်းအပေါ်အမှန်ပင်ဂုဏ်အသ ရေဟုခံယူသဖြင့် ထိုသို့သောသူများသည် မိမိ ဖြူသောဆံပင် ဂုဏ်အသရေပျက်စီးညှိုးနွမ်းစေခြင်း များပြုပြင်ခြင်းမရှိကြောင်းတွေ့မြင်ရမည်ဖြစ်သည်။

*မျက်စိမှုန်ခြင်း*

မျက်စိမှုန်ခြင်းကြောင့်မြင်ကွင်း၊ လမ်းခရီးနှင့်ရှု့မြင်ရသမျှတို့ကိုရှင်းရှင်းလင်းလင်းမမြင်နိုင်ခြင်းဖြစ်ရခြင်းသည်ဘဝလမ်းခရီးအသက်တာ၏ထာဝရကာလနှင့်အသက်တာကြီးရင့်ခံယူစရာရှေ့ခရီးများကိုရှင်းရှင်းလင်းလင်းရှု့မြင်ခြင်းမည်သို့ရှိသည်ကိုမျက်စိမှုန်ခြင်းအားဖြင့် သတိပေးခံယူစေကြောင်းသိနားလည်ရ၏။



*သွားကျိုးခြင်း*

ယုံကြည်ခြင်း၌ စိတ်နှလုံးကျိုးပဲ့ကြေမွခြင်း၊ ကျိုးနွံခြင်းနှင့် ကျိုးကြောင်း ဆင်ခြင်ခြင်းမည်သို့ရှိသည်ကို သတိပေးခြင်းဖြစ်သည်။

သွားတခုခုဖြစ်လာပြီဆိုလျှင် သွားနာ၊ သွားကိုက်ခြင်းအတွက် မျက်ရည်ကျခြင်းထက် စိတ်နှလုံးကျိုးပဲ့ကြေမွမျက်ရည်ကျခြင်းသို့ ဆင်ခြင်ခံယူရန် သတိပေးခြင်းသာမက သွားကျိုး၍ မိမိခုံမင်သောအစားအစာများကိုမ စားရမှာကို စိုးရိမ်ခြင်း၊ သွားတုပြန်လည်တပ်ဆင်နိုင်ရန် လိုအပ်မှုအမျိုးမျိုးတို့အတွက် စိုးရိမ်ခြင်းထက်အသက်တာအပ်နှံလျှက် ကျိုးကြောင်းဆင်ခြင်သော စိုးရိမ်စရာများပြုရန် သတိပေးနေခြင်းပင်ဖြစ်ကြောင်း သတိပြုစရာ ဖြစ်သည်။



**စိုးရိမ်ခြင်းထက်အသက်တာအပ်နှံလျှက်ကျိုးကြောင်းဆင်ခြင်သော စိုးရိမ်စရာများပြုရန် သတိပေးနေခြင်းပင် ဖြစ်ကြောင်း သတိပြုစရာ ဖြစ်သည်။**

### အရေတွန့်ခြင်း

အရေတွန့်ခြင်းသည်ဇရာအိုမင်းခြင်း၊ ခန္ဓာ၏ချောမွတ်လှပတင့်တယ်ခြင်း အသရေကိုညှိုးနွမ်းစေသဖြင့်လူတိုင်း ခံယူလိုစိတ်မရှိ၊ ထို့အတွက်တွန့်ဆုတ်နေကြသည်။ သို့သော် အသရေတွန့်ခြင်းသည် မည်သူမှရှောင်လွှဲ၍ မရဘဲ၊ ခန္ဓာကိုယ်အသီးသီးတို့၌စွဲကပ်ဖြစ်ပျက်နေလျှက်ရှိကြသည်။ထိုသို့ဖြစ်ပျက်နေရခြင်း သည်ထာဝရကာလနှင့် ဖြောင့်မတ်သောအသက်တာအတွက်ဆောင်ရန်၊ ရှောင်ရန်ခံယူစရာများအပေါ်တွန့်ဆုတ်ခြင်းမည်သို့ရှိသည်ကို ဆင်ခြင်ကျင်လည်နိုင်ရန်သတိပေးခြင်းပင်ဖြစ်သည်။



## ခန္ဓာကိုယ်သဂြိုလ်ခြင်း

သေလွန်သောသူများကို သဂြိုလ်ခြင်း အမျိုးမျိုးပြုနေကြလျှက် ရှိသည်။ မြေတွင်း၌ မြှုပ်နှံခြင်း၊ ဂူသွင်းခြင်း၊ မီးရှို့မီးလောင်တိုက် သွင်းခြင်းနှင့် ပင်လယ်ရေ ပြင်သို့မျှောချခြင်း (ပင်လယ်ရေပြင်၌သေဆုံးသောခရီးသည်များ၊ သင်္ဘောသားများ)အမျိုးမျိုးပြုနေကြလျှက်ရှိသည်။

သို့သော်ယုံကြည်သူများအတွက်ခံယူ စရာနည်းလမ်းကောင်းရှိပြီးသား ဖြစ်သည်။ ရှေ့ဦးယုံကြည်သူဖြစ်ခဲ့ကြသော အာဗြဟံ၊ ဣဇက်၊ ယာကုပ်နှင့် ယောသပ်တို့သည်



မြေသချိုင်း၌သာမြှုတ်နှံ၍သဂြိုဟ်ခြင်းသည်ယုံကြည်ခြင်းအားကြီးစွာဖြင့်ပြုလိုက်ကြသောအရာဖြစ်သည်။သစ်စေ့များအပင်ပေါက်ရန်မြေ၌ကြဲခြင်းမြေ၌စိုက်ပျိုးခြင်းအားဖြင့်သာအပင်ပေါက်လာခြင်းဖြစ်သည်။ထိုသစ်စေ့ကိုမီးရှို့ပြီးကျန်ကြွင်းသောပြာကိုမျိုးကြဲခြင်း၊စိုက်ပျိုးခြင်းပြု၍အပင်ပေါက်လာခြင်းမရှိပါ။

သေလွန်သောသူတို့၏ခန္ဓာကိုယ်သည်လည်း မြေသို့အပ်နှံခြင်းအားဖြင့် ချီဆောင်ခြင်းနေ့ရက်၌ပြန်လည်ထမြောက်ခြင်းတည်းဟူသောအသက်ရှင်ပြန်ထမြောက်“အသက်ပင်”ပေါက်ခြင်းမျှော်လင့်စရာကိုရှုမြင်ခံယူစရာဖြစ်စေသည်။

မီးရှို့သဂြိုလ်ခြင်းအမှုဆင်ခြင်ရာတွင် ‘နောက်ဆုံး သောကာလ၌ဘုရားရှင်ကစာတန်နှင့် သူ့နောက် သို့လိုက်သွားသောလူတို့ကို အပြီးသတ်စီရင်သည့်အခါ သူတပါးတည်းသာအသုံး ပြုသောလက်နက်သည် ငရဲမီးအိုင်ဖြစ်သည်။ ဤတွင် စီရင်မှုအတွက် ထာဝရဘုရားတပါးတည်းသာအသုံးပြုသောမီးကို လူတို့က လူတို့အတွက် အသုံးပြုခြင်း၊ ထိုက် မထိုက်၊ သင့်မသင့်အလေးအနက်ထားဆင်ခြင်နိုင်ရန်ကိုသာ ဖေါ် ညွှန်းလို၍ဖြစ်သည်။ထိုသို့ပြုသောသူ တို့ကိုတိုက်ခိုက်လိုသောသဘောလုံးဝစာရေးသူ၌မရှိပါ။သို့သော်စာရေးသူအနေဖြင့်ရှေ့ဦးယုံကြည်သူများ၏ခြေရာကိုသာလိုက်မည်

ဟုမမှိတ်မသုန် ခံယူဝေဌရင်း ဤစာစု၏ခေါင်း စဉ်ပါအတိုင်း ခန္ဓာ၌ထင်ရှား သောကောင်းမွန်မြင့်မြတ်သောတရား၊ ထိုတရားတို့ကိုခံယူဆင်ခြင်ခြင်းအားဖြင့်ခန္ဓာကိုယ်အသီးသီးတို့သည် အရှင်ယေရှုခရစ်တော်အားဖြင့် ကြီးမားသောအမြတ်ရသူများဖြစ်ကြပါစေဟု ဆုတောင်းရင်း ဤစာစုကို အဆုံးသတ်သည်။

ဘုရားသခင်ကောင်းကြီးပေးပါစေ။

(နေ့စွဲ၊ ၂၇. ၉. ၀၇)။



**သေလွန်သော သူတို့၏ခန္ဓာကိုယ်သည် လည်း မြေသို့ အပ်နှံခြင်းအား ဖြင့်ချိုးဆောင်ခြင်း နေရက်၌ပြန်လည်ထမြောက် ခြင်းတည်းဟူသော အသက်ရှင်ပြန်ထမြောက် "အသက်ပင်" ပေါက်ခြင်း မျှော်လင့်စရာကိုရှုမြင်ခံ ယူစရာဖြစ်စေသည်၊**

# “သင်သာကယ်တင်ခြင်းသို့မရောက်လျှင်”

ပီတာဖဲလား (တွံတေး)

## ဘုရားသခင်အလိုတော်မပြည့်စုံ

ဘုရားသခင်၏အလိုတော်မှာ လူတိုင်းကယ်တင်ခြင်းရောက်ဘို့ရန်ဖြစ်သည်။(၁တိ၊ ၂း၄)။သို့သော် မိတ်ဆွေသည်ကယ်တင်ခြင်းသို့မရောက်လျှင်ဘုရားသခင်၏အလိုတော်သည် မပြည့်စုံနိုင်တော့ချေ။ ဘုရားသခင်သည် မိတ်ဆွေနှင့်ကျွန်တော်ကိုချစ်လွန်းအားကြီးသောကြောင့်သားတော်ကိုစေလွှတ်ခဲ့သည်။အဘယ်ကြောင့်သားတော်ကိုစေလွှတ်ဘို့လိုပါသနည်း၊ လူသားတို့သည်လမ်းလွဲကြပြီ။တညီတညွတ်တည်းအသုံးမရသောသူများဖြစ်ကြပြီ။ကောင်းသောအကျင့်ကိုကျင့်သောသူမရှိ၊ တယောက်မျှမရှိ(ရော၊၃း၁၂)ထို့ကြောင့်ဘုရားသခင် ၏စီရင်ချက်မှာ အပြစ်ရှိသောသူသည်သေရမည်(ယေဇ၊၁၈း၄။၁ရော၊ ၆း၂၃)။သို့သော် ဘုရားသခင် ပြင်ဆင်ပေးသောအချက်မှာ. . . .

***“ငါတို့ သည်အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့ အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှ လောက်ချစ်တော်မူသည်ကိုငါတို့အားထင်ရှားစွာပြတော်မူ၏။ ”***

ခရစ်တော်သည်ကျမ်းစာလာသည့်အတိုင်း၊ ငါတို့အပြစ်ကြောင့်အသေခံတော်မူ၏။(၁ကော၊၁၅း၃) ထို့ကြောင့် ခရစ်တော်အသေခံတော်မူခြင်းကို ယုံကြည်အားကိုးသောသူသည် အပြစ်စီရင်ခြင်းကိုမခံရ(ယော၊ ၃း၁၈) ထိုသို့ မိတ်ဆွေ အပါအဝင်လူသားအားလုံးတို့ကိုဘုရားသခင်သည်သားတော်အားဖြင့် ကယ်တင်ပြီးဖြစ်သည်။ သို့သော်မိတ်ဆွေသည်ကယ်တင်ခြင်းသို့မရောက် လျှင် ဘုရားသခင်အလိုတော် မပြည့်စုံနိုင်။



## ခရစ်တော်အသေခံရကျိုးမနပ်

မိတ်ဆွေသည်ကယ်တင်ခြင်းသို့မရောက်လျှင်ခရစ်တော်၏လုပ်ငန်းအားလုံးချေဖျက်ရာရောက်သည်။ခရစ်တော်ဤလောကသို့ဆင်းကြွလာရခြင်းတခုတည်းသောရည်ရွယ်ချက်သည်မိတ်ဆွေကိုကယ်တင်ဘို့ရန်ဖြစ်သည်။ (၁တိ၊ ၁း၁၅) မိတ်ဆွေသည်စာတန်၏လက်ထဲ၌လည်းကောင်း၊ မှောင်မိုက်တန်ခိုးအောက်၌၎င်း၊ အပြစ်၏ကျွန်၌၎င်း၊ ရှိ၍ နောက်ဆုံးငရဲထဲသို့ဆင်းသက်ဘို့ရန်သာဖြစ်သည်။အသေခံတော်မူခြင်းအားဖြင့်မိတ်ဆွေ၏ရန်သူဖြစ်သောစာတန်၏တန်ခိုးကိုချိုးဖွဲ့ဖျက်ဆီးလိုက်သည်။ (ဟေ၊ ၂း၁၅)။အပြစ်၏ကျွန်မှလွတ်ဘို့ရန်မိတ်ဆွေ၏လူဟောင်းကို လက်ဝါးကပ်တိုင်၌ရိုက်သတ်ဘို့လိုသည်။ထိုသို့ရိုက်သတ်နိုင်ဘို့ရန်သူကိုယ်တိုင်လက်ဝါးကပ်တိုင်၌အသေခံသည်။




# Tell the world that!!!!!



ထို့ကြောင့်ကျမ်းစာက ငါတို့လူဟောင်းသည်ထိုသခင်နှင့်အတူလက်ဝါးကပ်တိုင်၌အသေသတ်ခြင်းခံရပြီဟုငါတို့သိကြ၏။ အကြောင်းမူကားငါတို့သည် နောက်မှအပြစ်တရား၏အစေကိုမခံခြင်းငှါ၊ အပြစ်တရား၏ကိုယ်ကိုဖျက်ဆီးမည်အကြောင်း တည်း(ရော၊ ၆း၆) သို့သော် မိတ်ဆွေသည် ကယ်တင်ခြင်းသို့မရောက်လျှင် ခရစ်တော်၏အသေခံခြင်းသည် မည်သို့အကျိုးရှိလိမ့်မည်နည်း။

## တမန်တော်များနှင့် ရှေးသန့်ရှင်းသူတို့၏ခံစားချက်များ

မိတ်ဆွေသည်ကယ်တင်ခြင်းသို့မရောက်လျှင်တမန်တော်များနှင့်ရှေးသန့်ရှင်းသူများ၏ ဆင်းရဲဒုက္ခခံခြင်း၊ ရိုက်နှက်ခံရခြင်း၊ အရှက်ကွဲခြင်း၊နောက်ဆုံးအသေခံခြင်းတို့သည် အချည်းနှီးဖြစ်ပေမည်။တမန်တော်များသည်

ခရစ်တော်၏ကယ်တင်ခြင်း တရားဟောပြောသောကြောင့် ရိုက်နှက်ခြင်းကို ခံရသည်။ သို့သော် ယေရှု၏နာမတော်ကြောင့် မိမိတို့သည်အရှက်ကွဲခြင်းခံထိုက်သည်ဟု မှတ်ကြသောကြောင့် ဝမ်းမြောက်သောစိတ်ရှိ၍၊ လွှတ်တော်မှထွက်သွားကြ၏၊ (တ၊၅း၄၀၊၄၁)

ဤကယ်တင်ခြင်းတရားကြောင့် သတေဖန်သည် ကျောက်ခဲနှင့်ပစ်ပေါက်၍ အသေခံ

**ယေရှု၏နာမတော်ကြောင့် မိမိ တို့သည် အရှက်ကွဲခြင်းခံထိုက်သည်ဟု မှတ်ကြသောကြောင့် ဝမ်းမြောက်သော စိတ်ရှိ၍၊ လွှတ်တော်မှထွက်သွားကြ၏၊**

သည်။ (တ၊၇း၅၈)။ယောဟန်၏အကိုယာကုပ်သည်လည်းဖမ်းဆီးခြင်းကိုခံရသည်။(တ၊၁၂း၁-၂)ပေတရုလည်းဖမ်းဆီးခြင်းကိုခံရသည်။ (တ၊၁၂း၃၊၄)ပေါလုလည်းကျောက်ခဲနှင့်ပစ်ခံရ၍သေပြီဟုစိတ်ထင်နှင့်မြို့ပြင်သို့စွန့်ပစ်ခြင်းကို ခံရသည်။ (တ၊၁၄း၁၉) ပေါလုသည် ဤကယ်တင်ခြင်းတရားကြောင့် ရိုက်ပုတ်ခြင်း၊ ထောင်ထဲ၌လှောင်ထားခြင်း၊သေဘေးနှင့် အကြိမ်ကြိမ်တွေ့ခြင်း၊ ငါးကြိမ်မြောက်အောင် ယုဒလူတို့၏လက်တွင်ဒဏ်ချက်လေးဆယ်တစ်ချက်ယုတ်ခံခြင်း၊သုံးကြိမ်မြောက်အောင် ကြိမ်လုံးနှင့်ရိုက်ခြင်း၊ တစ် ကြိမ်ခဲနှင့်ပစ်ခြင်း စသည်တို့ကိုခံရသည်။ဤဆင်းရဲဒုက္ခအမျိုးမျိုးကိုခံရခြင်းသည် မိတ်ဆွေ ကယ်တင်ခြင်းသို့ရောက်စေမည့်ကယ်တင်ခြင်းတရားဟောသောကြောင့် ဖြစ်သည်။ သို့သော် မိတ်ဆွေသည် ကယ်တင်ခြင်းသို့မရောက်လျှင် တမန်တော်များ၏ဒုက္ခဆင်းရဲခံခြင်း၊အသေသတ်ခံခြင်းတို့သည် အချည်းအနှီးဖြစ်ပေတော့မည်။



## ဤဆောင်းပါးရေးရခြင်း

ဤဆောင်းပါးရေးရခြင်းသည် မိတ်ဆွေကယ်တင်ခြင်းသို့ရောက်ဘို့အတွက် ရည်ရွယ်၍ရေးရခြင်းဖြစ်ပါသည်။ မိတ်ဆွေ ကယ်တင်ခြင်းမရောက်ဘဲဤလောကမှထွက်ခွာ သွားလျှင်၊ငရဲထဲသို့ရောက်ရှိသွားမည်။ ထို့ကြောင့်ဘုရား၏ကျေးဇူးတော်သက်သက်ဖြင့် ကယ်တင် ခြင်းကို ယုံကြည်ခြင်းအားဖြင့် လက်ခံဘို့လိုသည်။(ဧ၊၂း၈)မိတ်ဆွေကယ်တင် ခြင်းသို့မည်သို့ရောက်နိုင်မည်နည်း။





## လူမတတ်နိုင်

တခါမှာအရာရှိတယောက်သည် ယေရှုထံသို့လာ၍ ထာဝရအသက်ရရှိဘို့ရန် မည်သို့ ကျင့်ရမည်ကိုမေး သောအခါ အရှင်ယေရှုက ပညတ်တော်လိုက်လျှောက်ပါ ဟု ပြောပါသည်။ ထိုသူကပညတ်အလုံးစုံကို ငယ်သောအရွယ်မှစ ၍လိုက်လျှောက်ပါသည် ဟုလျှောက်သော် ကိုယ်တော်ကဥစ္စာရှိသမျှ ရောင်း၍ငါ့နောက်သို့လိုက်လော့ ဟုမိန့်တော် မူ၏။ထိုသူသည်ကြွယ်ဝသူဖြစ်၍ထိုစကား ကို ကြားလျှင်စိတ်မသာသည်နှင့်ထွက်သွားလေ၏။ ထိုအခါယေရှုကလည်းကုလားအုပ်သည်အပ်နှဖါးကိုလျှိုလွယ်၏။ငွေရတတ်သောသူ သည် ဘုရားသခင်၏နိုင်ငံတော် သို့ဝင်ခဲသည် ဟု မိန့်တော်မူ၏။တပည့်တော်တို့သို့ဖြစ်လျှင် ဘယ်သူသည်ကယ်တင်တော် မူခြင်းသို့ရောက် နိုင်မည်နည်းဟု ပြောဆိုကြ၏။ ယေရှုကလည်း

ဤအမှုကိုလူမတတ်နိုင်၊သို့သော်လည်းဘုရားသခင်သည်ခပ်သိမ်းသောအမှုကိုတတ်နိုင်တော်မူသည်ဟုမိန့်တော်မူ၏။(လု၊၁၈း၁၈-၂၇) အထက်ပါအဖြစ်အပျက်၌ထိုလုလင် သည် ကယ်တင် ခြင်းသို့ရောက်ရန်မည်သည့်အရာက အဟန့်အတားပြုသနည်း၊ သာမန်အားဖြင့်ကြည့်ပါက သူ၏ကြွယ်ဝခြင်း၊ လောကဥစ္စာပစ္စည်းမစွန့်နိုင်ခြင်းကြောင့်တွေ့ရသည်။ သို့ဖြစ်လျှင်ချမ်းသာသောသူများကယ်တင်ခြင်းသို့မရောက်နိုင်သလော။ ***ဘုရားသခင်၏စိတ်တော်နှင့်တွေ့သူဒါဝိဒ်မင်းကြီး၊ ယုံကြည်ခြင်း၏ဖခင် အာဗြဟံ၊ ဖြောင့်မတ်သူ လောတတို့သည် ကြွယ်ဝသောကြောင့် ကယ်တင် ခြင်းသို့မရောက် ကြပြီလော။***
ကြွယ်ဝခြင်းကြောင့် ကယ်တင်ခြင်းသို့မရောက်နိုင်ခြင်းမဟုတ်ပါ။
သို့သော်ကြွယ်ဝခြင်းသည်ကယ်တင်ခြင်းကိုရောက်ဖို့ရန်အဟန့်အတားဖြစ်သည်။ အကြောင်းမှာ ကြွယ်ဝသူများသည်ကိုယ်တော်၏ကယ်တင်ခြင်းအကြောင်းကိုစိတ်ဝင် စား၊ သိနားလည်ရန်အချိန်မပေးနိုင်ကြ။သခင်ယေရှုနှင့်ပြောဆိုသောအရာရှိ၏ပြဿနာမှာ ဥစ္စာမရောင်းနိုင်ခြင်းမဟုတ်ပါ။ပထမချဉ်းကပ်စဉ်ကပင်မှားယွင်းသောအယူအဆရှိခဲ့ပါသည်။သူ၏မှားယွင်းခြင်းအချက်မှာ. . . . .

၁။သခင်ယေရှုကိုကောင်းမြတ်သောဆရာဟုဆိုခြင်း (လု၊၁၈း၁၈)






Tell the world that!!!!!



သူ့အနေနှင့်သခင်ယေရှုကိုကောင်း မြတ်သော ဆရာအဖြစ်နှင့်သာမြင်သည်။ကယ်တင်ရှင် ဘုရားအနေဖြင့်မမြင်၊သခင်ယေရှုသည်ကောင်းမြတ်သောဆရာမှန်ပါသည်။သို့သော်သခင်ယေရှု သည်ထိုမျှသာမဟုတ်၊ သူ၏ကယ်တင်ရှင်ဘုရား ဖြစ်သည်ကိုမသိရှာပေ။ထိုနည်းတူမိတ်ဆွေ လည်းသခင် ယေရှုကို ကယ်တင်ခြင်းသို့ရောက် နိုင်ရန်နည်းပေးလမ်းပြပေးနိုင်သော ဆရာအဖြစ် သာ လက်ခံယုံကြည်ပါက ကယ်တင်ခြင်းသို့ ရောက် နိုင်မည်မဟုတ်။



၂။ပညတ်ရှိသမျှကို ငယ်သောအရွယ်မှစ၍စောင့်ရှောက်ပါပြီဟုဆိုခြင်း (မ၊၁၉း၂၀) ပညတ်တော်စောင့်ရှောက်နိုင်သူတယောက်မျှမရှိ(ယော၊ ၇း၁၉)ဟုယေရှုကိုယ်တိုင်ပြော ခဲ့သည်။ထို့အပြင် ပညတ်တော်စောင့်ရှောက်ခြင်းအားဖြင့်မည်သူမျှ ဘုရားသခင်၏ရှေ့တော်၌ဖြောင့်မတ် ရာသို့မရောက်နိုင်ရာ(ရော၊၃း၂၀) ပညတ်တော်စောင့်ရှောက်သည်တွင်တစုံတခုမလိုက်လျှောက်နိုင်လျှင်အားလုံးမလိုက်လျှောက် သကဲ့သို့ဖြစ်၍(ယာ၊၂း၁၀)ကျိန်ခြင်းကိုခံရသည် (ဂလ၊ ၃း၁၀)ထို့ကြောင့်ပညတ်တော်လိုက် လျှောက်ခြင်းဖြင့်ထာဝရအသက်ကိုမရနိုင်၊ အကြောင်းမှာလူသည်ပညတ်တော်လိုက်လျှောက် နိုင်သူမဟုတ်။သို့ဖြစ်လျှင်ခရစ်တော်က



အဘယ်ကြောင့်ပညတ်တော်ကိုလိုက်လျှောက်ခိုင်းသနည်း၊ လူ့အပြစ်ကိုသိဖို့ရန်ဖြစ်သည်။ပညတ်တော်သည် လူ၏အပြစ်ကိုသိစေသည်။ (ရော၊ ၃း၂၀။၇း၇)ထိုလုလင်သည် ပညတ်တော်မလိုက်လျှောက်နိုင်ခြင်းဖြင့် အပြစ်သိဘို့ရန်ခရစ်တော်ရည်ရွယ်သော်လည်း ထိုလုလင်မှာမိမိလိုက်လျှောက်နိုင်သည်ဟု ထင်သည်။ အမှန်မှာ သူမလိုက်လျှောက်နိုင်ပါ။ သို့သော်လိုက်လျှောက်နိုင်သည်ဟု ဆိုသောကြောင့် ရှိသမျှရောင်း၍နောက်တော်သို့လိုက်ခိုင်းခြင်းဖြစ်သည်။

ထိုလုလင်သည်ပညတ်တော်တို့ကိုမလိုက်လျှောက်နိုင်ကြောင်းဝန်ခံပါက ခရစ်တော်ကအပြစ်လွှတ်ကယ်တင်မည် ဖြစ်သည်။ လု၊၁၈း၉-၁၄တွင်ဖြောင့်မတ်စွာ ကျင့်နိုင်သည်ဟုထင်သောဖာရိရှဲသည်အပြစ်လွှတ်ခြင်းမရဘဲအပြစ်များလှသည်ဟုသိသူအခွန်ခံသည်အပြစ်လွှတ်ခြင်းခံစားရသည်။

ထိုကြောင့် မိတ်ဆွေလည်းထိုသူငယ်ကဲ့သို့ဖြောင့်မတ်သည်။ ပညတ်တော်လိုက်လျှောက်နိုင်သည်ဟုထင်လျှင် ကယ်တင်ခြင်းသို့မရောက်ပျက်စီးခြင်းသို့လမ်းဆုံးမည်ဖြစ်ကြောင်းအသိပေးလိုပါသည်။





# ? ? ? ? ? ? မေးခွန်း ? ? ? ? ? ?

ဆူးထက်နှင်း(ရန်ကုန်-၁)

နေဝင်ချိန်တကြိမ်ရောက်ပြီမို့
မီးကလေးခပ်မှိန်မှိန်
ခွေလိမ်လိမ်တဲအိမ်ထဲမှာ
ကွေးကွေးလေးပိန်
မလှယ်တဲ့အရေး
အမေမေးလိုက်တဲ့မေးခွန်းက
အဖေကြီးရေ...!ဆန်ဖိုးရခဲ့ရဲ့လား.....?





ပြေဆေးကမရှိ
ငွေကလေးကကွက်တိ
ငဲ့မကြည့်ရက်စရာ
ဆီမပါရေလုံပြုတ်
ချက်တဲ့ဟင်းလျာ
သမီးကကျောင်းပြန်အလာ
ဟန်ပါပါမေးလိုက်ပုံက
အမေရေ...!ဘာဟင်းချက်သလဲ.....?



တလမှာတခါ

အချိန်မှန်မှန်လာလည်တတ်တဲ့

ညော်သည်ပမာ

ကျောင်းကျူရှင်စရိတ်နဲ့

အိမ်လခမီတာ

အိမ်သူခင်တောင်းလိုက်ပုံက

မောင်ရေ.....! လကုန်ပြီနော်....?



ဝမ်းတထွာအရေး

ရင်လေးချင့်စရာ

ငိုင်ငေးရအသက်တာထဲ

သက်ပြင်းချအခါခါ

မသာယာရှေ့ရေး

တွေးဆလျက်မွန်းကျပ်ချိန်

ကိုယ်တော်ရှင်မေးနေတာက

ငါ့သား...!မင်းငါ့ကိုယုံရဲ့လား....?



အခြေပြုကျမ်း၊ ၊ယော ၊၁၆း၃၁၊၃၃၊



# " ပဲ့ကိုင်ရှင် "

Daniel ( P.O.L)



၁။ကျွန်ုပ်အသက်တာတခုလုံးကို
နေ့ရော၊ ညပါ စိုးမိုးထားတာ
ကိုယ်တော်ပါ။

၂။လူ့ဘဝမှာ အသက်ရှင်နေထိုင်ချိန်

ဘဝမုန်တိုင်း တိုက်ခတ်ချိန်

ကူညီမစတာ ကိုယ်တော်ပါ။



၃။ကျွန်ုပ်ရဲ့ဘဝမှာ ဦးတည်ရာမဲ့ချိန်
ပန်းတိုင်မဲ့ချိန်၊ ရည်ရွယ်ချက်
ကင်းမဲ့နေချိန်မှာလမ်းမှား မရောက်
ကူညီလမ်းပြခဲ့သူဖြစ်တဲ့
ကိုယ်တော်ဟာ ကျွန်ုပ်
ဘဝရဲ့ 'ပဲ့ကိုင်ရှင်' ပါ။